
လျှပ်ပန်းဒိမ်
အသက်ခံလိုက်ရသော
တစ္ဆေသုံးကောင်

# အသတ်ခံလိုက်ရသော တစ္ဆေသုံးကောင်

သူ့နာမည်က ကုလားကြီးတဲ့ ။ နာမည်နှင့် လိုက်ဖက် လှအောင်ပင် လူကလည်း အသားမည်းမည်း အရပ်ထောင်ထောင် မောင်းမောင်းနှင့် လူထွားကြီး တစ်ယောက်ပင် ဖြစ်လေ၏။ လက်ရဲဇက်ရဲလည်း ရှိလှသလို အရက်ကို ခံမင်စွာ သောက်သုံး တတ်သူလည်း ဖြစ်၏။ တော်ရုံဆိုလျှင် ကုလားကြီးအား ယှဉ်၍ မမိုက်ရဲလောက်သည် အထိကို ဇပြင်းလှသည် ။ ကုလားကြီးကား ပါးစပ်ဖြင့် သိပ်ပြော တတ်သူမဟုတ်။ နေရာတကာ သူ့ဓားပြားကြီးကို သုံးတတ်၏။ တစ်ခုသောနေ့ ညနေစောင်း အချိန်မှာ တော့ ကုလားကြီးတို့ လူတစ်စုသည် တစ်စုံတစ်ယောက်ကို ခြေရောလက်ရော သေချာ ချုပ်ထားသည် ကို နေဝင်ချိန် ကောင်းကင်ပေါ်မှ ပုစွန်ဆီရောင် အလင်းလေးဖြင့် မြင်နေရ၏။နေရာကား ရွာ၏ အပြင်ဖက် တောင်ပိုင်း တစ်နေရာတွင်

'ကုလားကြီး ဒီတစ်ချက်ထဲနဲ့ အပြီး သတ်လိုက်ကွာ။ ဒီကောင့်ကို ချုပ်ထားရတာ ပင်ပန်းတယ်'

တိုးမောင်က ထိုသို့ ပြောလေ၏။

'မင်းအသာနေ တိုးမောင် ကုလားကြီး ဘာကောင်လဲ ဆိုတာ ဒီကောင်မကြာခင် သိရတော့မှာ ဟဲဟဲ'

ကုလားကြီးက ပြောရင်း တစ်ချက်ရယ်မောလိုက်၏။

ပြီးနောက်မှ တော့ သူ၏ လက်စွဲတော် ဓားပြားကြီးဖြင့် တိုးမောင်ချုပ်ထားသော ကောင်၏ နံကြားထဲသို့ တရစပ် ထိုးသွင်းပစ်လိုက်တော့၏။

'ဒုတ် ဒုတ် ဒုတ် '

'ဇွတ်'

သွေးများ ဖြာခနဲထွက်ကာ မြင်မကောင်းလောက် အောင်အိုင် ထွန်းသွားလေတော့၏။ ကုလားကြီး၏ ဓားချက်မိ သွားသော ကောင်မှာ တော့ သွေးအိုင်ထဲတွက် ယက်ကန် ယက်ကန်ဖြင့် တစ်အောင့်လောက် အကြာမှာ တော့ ငြိမ်သက် သွားလေတော့သည် ။

'ကုလားကြီး မင်းလက်စကတော့ မိုက်တယ်ကွာ။ ဒီကောင် အော်တောင် မအော်နိုင်ရှာဘူး ဟားဟား'

'သိတယ်မလား ငါဘာကောင်လဲဆိုတာ'

တိုးမောင်၏ ချီးကျူးစကားကို ကုလားကြီးက သဘောကျစွာ ထောက်ခံလိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်မော လိုက်တော့၏။ ပြီးနောက် ၎င်း၏ ဓားပြားကြီးကို မြေကြီးပေါ်တွင် ပစ်စိုက်လိုက်ကာ သွေးများ ပေနေသော လက်ဖြင့် အရက်ပုလင်းကို ကောက်ကာ တဂွပ်ဂွပ် မော့ချလိုက်ပါတော့၏။

'ကိုဘိုသန်း ဒီကောင့်ကို ဘယ်လိုရှင်းမလဲ'

ဟူ၍ ကုလားကြီးက ကိုဘိုသန်း ဆိုသူအား။ ထိုအခါ ကိုဘိုသန်း ဆိုသူက

'ဘယ်လိုရှင်းချင်လဲ မင်းပြောကြည့်လေ ကုလားကြီးရ မင်းတို့ အကျိုးမနည်း စေရပါဘူး'

'တိုးမောင်နဲ့ ကျုပ်နဲ့ နှစ်ယောက်စာ ဟင်းစားပေးရင် ကျေနပ်ပြီ အများကြီး မလိုပါဘူး '

ကုလားကြီးက ပြော လိုက်လေ၏။ ထိုအခါ ကိုဘိုသန်းကပဲ။

'အဲ့ကောင်ကို တစ်ခါတည်း ဖျက်ခဲ့ပေးလိုက်ကွာ ဟင်းစားကတော့ မင်းတို့ ကြည့်ကြပ်ယူသွားလိုက် အဆင်ပြေလား'

'အိုခေ ကျေးဇူးတင်ပါတယ်ဗျာ'

အမြည်းကောင်း စားရတော့မည် မဟုတ်လား ဝမ်းတွင်းသားလေး ဆိုလည်း မဆိုးလှပေ။ အရက်နဲ့ တော့ ကွက်တိပဲ။ တွေးကြည့်ရင်း ပီတိဖြစ်လို့ ။ စောစောက ကုလားကြီး လက်စာမိ၍ အသက်ပျောက်သွားသောဝက်ကို တိုးမောင်က စတင် အမဲဖျက် လေတော့သည် ။ ရွာထဲမှာ ဘာကောင်ပဲ ပေါ်ပေါ် ကုလားကြီး ကပေါ်ပေါ်ပေးလေသည် ။ ဝက်နွား ကျွဲအကုန်သတ်သည် ။ ဟင်းစားပေးရင် အချိန်မရွေးပဲ ငရဲမကြောက် ဘုရားမကြောက် ဆိုသော လူစားတစ်မျိုးပင်။

'အားပါးပါး တော်တော်ဝတဲ့ ကောင် အဆီတွေ အသားတွေ နှစ်လို့ ဟားဟား'

ဟင်းစားဖျက်နေရင်းမှ တိုးမောင်က ကုလားကြီးအား သဘောကျစွာ လှမ်းပြောလေ၏။

'အမြည်းကောင်းကောင်း ရတာပေါ့ကွာ ကဲကဲ သွက်သွက် လေးလုပ် တိုးမောင် မှောင်နေပြီ'

'အေ့ပါ ပြီးပါတော့မယ်ဟ'

'အေအေ'

ကုလားကြီးက ပြောရင်း ပုလင်းထဲက လက်ကျန် အရက်များကို ကုန်သည် အထိ မော့သောက် ပစ်လိုက်၏။ ကိစ္စများ ပြီးသွားပြီမို့ လိုချင်သောအပိုင်းများကို နှီးကြိုးဖြင့်တွဲ ကာယူခဲ့ကြတော့သည် ။

'ကဲ ပြန်ပြီ ကိုဘိုသန်း ရေနောက်လည်း သတ်စရာ ပေါ်စရာရှိရင် ကျုပ်ကိုခေါ်လိုက် ဒါမျိုးဆို အချိန်မရွေးပဲဗျို့ '

ဟူ၍ ပြောကာ နှုတ်ဆက် ခဲ့လိုက်တော့သည် ။ခုသတ်

သည့် အချိန်သည် လည်း ခြောက်နာရီပင် ကျော်နေပြီ။ ကိုဘိုသန်း အရေးကြီး၍ သာ သတ်ပေးလိုက်ရခြင်း ဖြစ်ပေမည်။ ဒီချိန်ကြီး ဘယ်သူကသတ်ရဲမည် မဟုတ်ပေ။ မှောင်တောင် တော်တော်မှောင်လို့ သွားချေပြီ။ လက်ထဲမှာ လည်း အသားတွဲကိုယ်စီနဲ့ ဒုက္ခတော့ များတော့မည်။ သို့သော် ကုလားကြီးက မမှုပေ။ လက်ထဲတွင် လည်း အသားတွဲကြီးကိုင်ကာ ၎င်း၏ ဓားပြားကြီး ကိုလည်း ဖင်ကြားထဲ ထိုးထားလေ၏။ ရွာထဲသို့ မရောက် မီ ဝါးရုံတောကြီး တစ်ခုအားလည်း ဖြတ်သန်းရပေမည်။ ဆယ်မိနစ်ခန့် နှစ်ယောက်သား နှုတ်ဆိတ်စွာ လျှောက်လာရာမှာ ကုလားကြီးအတော် ပျင်းနေဟန် တူလေ၏။ ထို့ကြောင့် လည်း လူက ထွေထွေနှင့် ပါးစပ်ထဲရှိရာကို ကောက်ရွတ် လိုက်လေတော့၏။

'ခလောက်လေးရယ်တဲ့ ဒိုးဒိုးဒေါင်'

'ဟာ ကုလားရီးကလည်း ဘာတွေဆိုနေတာ

လဲ အောက်တယ်ကွာ ငါဆိုပြမယ်'

ကုလားကြီး နှစ်ကြောင်း ပြည့်အောင်ပင် မဆိုလိုက်ရသေး တိုးမောင်က ၎င်း၏ သီချင်းအား ဘဝင်မကျသလို ဝင်ရောက် ကန့်ကွက်လိုက်

တော့၏။ ထိုအခါကုလား ကြီးကလည်း

'ဟျောင့် တိုးမောင် ဆိုလေကွာ မင်းရဲ့ ခေတ်မအောက်တဲ့ သီချင်း'

'အေ သေချာနားထောင် မင်းကြိုက်သွားစေရမယ်။ ရှယ်ခေတ်စား နေတဲ့ သီချင်းကွ တို့ ရွာ တစ်ရွာလုံး သိတယ် ဟဲဟဲ အဟမ်း'

'ဆိုမှ သာဆို စမ်းပါကွာ ငါးစိတ်မရှည်တာ မင်းသိပါတယ်။ ဝက် သားခုတ်တဲ့ ဓားနဲ့ ပိုင်းလိုက်ရလို့ ကွာ'

'ဝမ်း တူး တတိယ လေး ငါကဘိုအောင်ဒင် နင်ကဒါကို မမြင် ငါ့အ သည်းကို ခလုတ်တိုက်သွားတယ်။ မိန်းကလေးရေ မင်းမိုက်တယ်'

'ဟ မိုက်တယ်ဟ ဆက်ဆို ဆက်ဆို အိုး ဘာဒဲ့'

ကုလားကြီးပင် တိုးမောင်ဆိုပြသော မနောသီချင်းကို သေဘာကျစွာဖြင့် သံယောင်ပါ လိုက်ပေးနေလေသေး၏။ လက်ထဲမှာ လည်း အသားတွဲတွေနှင့် ညကြီး ဝမ်းရာ တောလမ်းပေါ်မှာ နှစ်ယောက် တည်း ကိုးရိုးကားရားမြင်ကွင်းကား မျက်စိနောက်ဖွယ် ကောင်းလှပေ သေး၏။ သို့သော် အရက်ရှိန်လေးရကာ ရီဝေရီဝေဖြစ် နေကြသော သူ တို့ နှစ်ယောက်မှာ တော့ ပျော်လို့ ရွှင်လို့ ပင်။ ထိုအခါ တိုးမောင်က

'ဟာ'

ကြောက်လန့်တကြား ရေရွတ် လိုက်လေသည် ။ သူတို့ နှစ်ယောက် ရွာသားတွေ အပြောကြမ်းသည့် သရဲအခြောက် ကြမ်းသည် ဆိုသော ဝါး ရုံတောကြီးထဲသို့ ရောက်မှန်းမသိ ရောက်လာကြလေတော့သည် ။